## တရုတ်

အစ္စလာမ် သာသနာသည် အေဒီ ၅၇၀ ကိုယ်တော်မုဟမ္မဒ်ပွင့်ပေါ် စဉ်ကပင် တရုတ်ပြည်သို့ ရောက်ရှိခဲ့သည်။ ကိုယ်တော်၏ သာဝကာကြီး အမီရ် ဟန်ဇာသည် တရုတ်ပြည်သို့ လာရောက်၍ အစ္စလာမ်သာသနာ အကြောင်းကို ဟောပြောခဲ့ပေသည်။ ထို့နောက် အေဒီ ၁၃၀၀ ခန့်တွင် အရှေ့ပိုင်း တာ့က်လူမျိုးများ၏ မွန်ဂိုအင်ပါယာ ထွန်းတောက်စဉ်က အစ္စာလမ်သာသနာသို့ ကူးပြောင်းခဲ့သော မွန်ဂိုတို့၏ ဩဇာမှာ အရှေ့ဘက်သို့ တရုတ်ပြည်နှင့် မော်စကို (ရုရှား)အထိ လွှမ်းမိုးခဲ့ပေသည်။ အာရှ အလယ်ပိုင်း ဒေသများဖြစ်သော ကာဇက်၊ ဥဇဘက်၊ တာ့က်နှင့် အခြားများစွာသော တိုင်းရင်းသားများမှာ အစ္စလာမ် သာသနာသို့ ကူးပြောင်းခဲ့သည်။ ထိုတိုင်းပြည်များအနက် ကာဇက်စတန်မှာ အေဒီ ၁၇၀၀ တွင်မှ အစ္စလာမ်သို့ ကူးပြောင်းခဲ့ခြင်း ဖြစ်သည်။ ထိုဒေသများသည် ရုရှား ဇာဘုရင်၏ လက်အောက်တွင် နှစ်ရှည်လများနေခဲ့ရပြီး ကွန်မြူနစ်များ ကြီးစိုးလာသော ကာလတွင် အစ္စလာမ်သာသနာမှာ အကြီးအကျယ် နှိပ်ကွပ်ခံခဲ့ရပေသည်။

၁၉၉၀ ခုနှစ် ဆိုဗီယက်ယူနီယံ ပြိုကွဲသွားသောအခါ၊ များစွာသော မူဆလင်နိုင်ငံများမှာ သီးခြားလွတ်လပ်ရေး ရရှိခဲ့သော်လည်း တရုတ်ပြည်မှ သိမ်းပိုက်ထားသော အရှေ့တာကူမန် (တာကစ္စတန်)မှာ တရုတ်တို့၏ လက်အောက်တွင် ယခုအချိန်ထိ ရှိနေဆဲဖြစ်ပေသည်။

အရှေ့တာကစ္စတန် (တရုတ်အခေါ်ဖြင့် ဇင်ဂျင်း သို့မဟုတ် ရှန်ဂိုင်း)သည် တရုတ်ပြည်၏ ၆ ပုံ ၁ ပုံဧရိယာရှိ၍၊ ထိုဒေသတွင် နေသော တာ့က်တို့ကို တရုတ်တို့က ဝီဂါ ဟု ခေါ်ပေသည်။ ဝီဂါလူမျိုး၏ ၉၀ ရာနှုန်းမှာ မူဆလင်များဖြစ်သည်။ သို့သော် တရုတ်ပြည်မ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် အကြီးအကျယ်ခံစားနေရသော လူမျိုးတစ်မျိုးဖြစ်သည်။

ရုရှမှ ခွဲထွက်လွတ်လပ်လာသော မူဆလင်နိုင်ငံများမှာ ဝီဂါ လူမျိုးနှင့် မျိုးနွယ်တူ လူမျိုးစုများဖြစ်၍ ထိုဒေသအားလုံးစုပေါင်းထားသော ဧရိယာမှာ လက်ရှိ တရုတ်နိုင်ငံနှင့် အတူတူမျှဖြစ်ခြင်းကြောင့် တရုတ်နှင့် ရုရှား နှစ်နိုင်ငံလုံးသည် အာရှအလယ်ပိုင်းမှ မူဆလင် အင်အားကို စိုးရိမ်လျှက် ရှိနေပေသည်။

တရုတ်ပြည်တွင် ကွန်မြူနစ် အစိုးရတက်လာပြီးနောက်ပိုင်း (၁၉၄၉) တွင် အစ္စလာမ်သာသနာ ဝတ်ပြုကျောင်းဆောင် (ဗလီ) ပေါင်း ၂၉၀၀၀ ကို သိမ်းပိုက် ဖျက်ဆီးပစ်၍၊ အချို့ကို ဝက်မွေးရုံများ ပြုလုပ်ပစ်ခဲ့ပေသည်။ ထို့အပြင် မူဆလင်လူများစုနေသည့် ဇင်ဂျင်း၊ ယူနန်၊ နိဇီယွာ ကဲ့သို့သော ဒေသများတွင် အစ္စလာမ် မဟုတ်သည့် တရုတ် လူမျိုးများကို စီမံချက် တကျ ရွှေ့ပြောင်းနေထိုင်မှုကို အစိုးရက ပြုလုပ်နေပေသည်။ ထို့ကြောင့် ယခင်က ဇင်ဂျင်းပြည်နယ်တွင် ယီဂွာ လူမျိုး ၉၀ ရာနှုန်း ရှိရာမှ ယခုအခါ ၅၀ ရာနှုန်းသို့ လျော့ကျသွားပေသည်။

ထို့နောက် တရုတ် ကွန်မြူနစ်ဝါဒ အတွင်းသို့ အစ္စလာမ် သာသနာဝင်များကို အတင်းသွပ်သွင်း၍ မူဆလင်ရှေ့ဆောင်ဆရာတော်များကိုလည်း သောကြာနေ့ ဘုရားဝတ်ပြုပွဲ တရားဟောတိုင်းတွင် ကွန်မြူနစ်ဝါဒ ကောင်းကြောင်းကို ဇောင်းပေး ဟောပြောခိုင်းပေသည်။

ထို့အပြင် မူဆလင်လူငယ်များကို အစိုးရစီမံချက်ဖြင့် ပြန်ပေးဆွဲသွားခြင်းများ များစွာရှိ၍ ထိုပြန်ပေးဆွဲခံရသော လူငယ်များကို နောက်ပိုင်းတွင် ပြန်လည် တွေ့ရသည်ဟူ၍ မရှိတော့ပေ။ မူဆလင်နည်းသော ဒေသများမှ အစ္စလာမ် သာသနာဝင်များသည် မူဆလင်ဟူ၍ မခံယူရဲဘဲ ဘာသာမဲ့ဟူသော ခေါင်းစဉ်အောက်၌ ဝင်ရောက်ခိုလှုံရသော လူဦးရေက ပိုမိုများပြားလှပေသည်။ ထို့ကြောင့် တရုတ်အစိုးရက သူ့နိုင်ငံတွင် မူဆလင် သန်း ၂၀ ခန့်သာ ရှိသည်ဟု ထုတ်ဖော်ပြောကြားလေ့ ရှိပေသည်။

သို့သော် ၁၉၉၀ ခုနှစ် ဆိုဗီယက်ယူနီယံ ပြိုကွဲပြီးနောက်ပိုင်းတွင် တရုတ်အစိုးရသည်လည်း တရုတ်နိုင်ငံတွင်းရှိ အလုံး အရင်းနှင့် ရှိနေသော မူဆလင်များ အနေဖြင့် ဖိနှိပ်မှုလွန်ကဲလျှင် အုံကြွပေါက်ကွဲမှု ဖြစ်လာနိုင်သည်ဟု စဉ်းစားလာဟန်ရှိပြီး လျှော့နှုန်းနှစ်ဘက်နင်း ပေါ်လစီကို ချမှတ်ကာ အမည်ခံ မူဆလင် ကိုယ်ပိုင်အုပ်ချုပ်ခွင့် နယ်များကို ပြန်လည်ပေးအပ်လာခဲ့သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ထို့ကြောင့် ဇင်ဂျင်း၊ ယူနန်ကဲ့သို့ ပြည်နယ်ကြီးများတွင် မူဆလင် အသံလွှင့်ဌာနများ၊ ရုပ်မြင်သံကြား ဌာနများ ပေါ်ပေါက်လာခဲ့သည်၊ သို့သော် တရုတ်အစိုးရ၏ ပေါ်လစီအောက်၌သာ သတင်းများကို ထုတ်လွှင့်ခွင့် ရှိပေသည်။ တရုတ်ပြည်တွင် မူဆလင်လူဦးရေကို အတိအကျ တရားဝင် ထုတ်ပြန်ခွင့် မရှိချေ၊ သို့သော် တရုတ်မူဆလင် အဖွဲ့အစည်းကြီးများ၏ လျှို့ဝှက် ကောက်ခံမှု စာရင်းအရ အနည်းဆုံး တရုတ်မူဆလင် သန်း ၃၀၀ ကျော်ရှိသည်ဟု ကမ္ဘာ့လူ့အခွင့်အရေး အဖွဲ့အစည်းများမှ တဆင့် ထုတ်ပြန်ခြင်းများ ရှိပေသည်။

သို့သော် ၁၉၉၆ ခုနှစ်တွင် တရုတ်အစိုးရသည် ဇင်ဂျင်းပြည်နယ်တွင်း၌ နျူကလီးယား စမ်းသပ်မှုပေါင်း ၄၄ ကြိမ်စမ်းသပ်ခဲ့ခြင်းမျိုးဖြစ်သည့် ထိုဒေသသားများ ကျမ္မာရေးနှင့် မျိုးဆက်ထိခိုက်မှု ဖြစ်စေမည့် ရေဒီယို သတ္တိကြွ လေထုညစ်ညမ်းမှုမျိုး ဖြစ်စေရန် စနစ်တကျဖြင့် နှိပ်ကွပ်ခြင်း၊ အစိုးရပေါ်လစီအား ဝေဖန်မိသူများကို အကြမ်းဖက်များဟု စွပ်စွဲ သုတ်သင်ခြင်း (အမေရိကန်အစိုးရက ၎င်းတို့အား အကြမ်းဖက်ဟု သတ်မှတ်သည်ကို လက်မခံပေ၊) စသည့် နည်းမျိုးစုံဖြင့် နှိပ်ကွပ်မှုမျိုး ရှိနေသေးပေသည်။ ၂၀၀၈ ခုနှစ် ဂျွန်လ တွင်း၌လည်း တရုပ်အစိုးရက အားပေးအားမြှောက်ပြုထားသော ဟန်လူမျိုးများနှင့် ဝီဂါ လူမျိုးတို့အကြား ပဋိပက္ခဖြစ်စေသော အကြောင်းအရာများကို တရုပ်အစိုးရဘက်မှ လှုံ့ဆော်ခဲ့သည်ဟု လူအခွင့်အရေး အဖွဲ့များက ဆိုပေသည်။ ထိုပဋိပက္ခတွင် ဝီဂါ လူမျိုးတို့မှ အနည်းဆုံး ၁၆၀ ထက်မနည်း သေဆုံးခဲ့ရပေသည်။

ယခုအခါ တရုတ်ပြည်တွင် တရားဝင် ဗလီကြီး ၃၅၀၀၀ ကျော်နှင့် အခြားသော ဘာသာရေးစာသင်ကျောင်း ၄၀၀၀၀ ကျော်ရှိသည်ဟု တရုတ်အစိုးရမှ ထုတ်ပြန်ထားပေသည်။ အမှန်တကယ် စာရင်းတွင် ခရစ်ယာန် ဘုရားကျောင်းများနှင့် အစ္စလာမ်ဝတ်ပြုကျောင်းဆောင်များသည် တရုတ်အစိုးရ ထုတ်ပြန်သည်ထက် အဆပေါင်းများစွာ ပို၍ ရှိနေသည်ဟု လူ့အခွင့်အရေး အဖွဲ့များက ဆိုသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com